ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

## မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသည်များအနေဖြင့် ကျန်းမာရေးအခြေအနေ(Health Declaration Form) ဖော်ပြချက်ပုံစံဖြည့်စွက်ကြရန် အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအများအပြား ကူးစက်ပျံ့နှံ့လျက်ရှိသည့် 2019 Novel Coronavirus (2019-nCoV)ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ရောဂါကူးစက်ပြန့်ပွားမှု တားဆီးရေးဆိုင်ရာ စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းစဉ်များကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် သံသယလူနာ/လူနာနှင့် အနီးကပ်ထိတွေ့သူ(Contact)များကို စိစစ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (contact tracing)နှင့် သံသယလူနာများအား စောစီးစွာသိရှိခြင်း(early detection)တို့ ပြုလုပ်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသည်များ (မည်သည့်နိုင်ငံသားမဆို)အနေဖြင့် ဖော်ပြပါ ကျန်းမာရေးအခြေအနေ ဖော်ပြချက်ပုံစံ (Health Declaration Form) အား ဖြည့်စုံစွာ ဖြည့်စွက်မှသာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ အဆိုပါ ကျန်းမာရေးအခြေအနေဖော်ပြချက်ပုံစံ(Health Declaration Form)အား လေယာဉ်ပေါ်တွင် ဖြန့်ဝေပေးသွားမည်ဖြစ်သကဲ့သို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင် Website ဖြစ်သော http://mohs.gov.mm/Main/content/publication/health-declaration-card2020 တွင်လည်းရယူနိုင်ပါကြောင်း၊ ယင်းပုံစံတွင် ဖြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသည့် ခရီးသည်များ (မည်သည့်နိုင်ငံသားမဆို)အား မြန်မာနိုင်ငံတွင်းသို့ ဝင်ခွင့်ပြုမည်မဟုတ်ကြောင်းကိုလည်း လေယာဉ်ပေါ်တွင် အသိပေးကြေညာသွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသို့ သွားရောက်မည့် အမေရိကန်ပြည်ထောင်စုမှ ခရီးသည်များ (မည်သည့်နိုင်ငံသားမဆို) အဆိုပါကျန်းမာရေးအခြေအနေ ဖော်ပြချက်ပုံစံ(Health Declaration Form)အား ဖြည့်စုံစွာဖြည့်စွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့
ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ မတ်လ ၆ ရက်